**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**

**ပြည်တွင်းအခွန်များဦးစီးဌာန**

**ဒုတိယဦးစီးမှူးရာထူး(၂၅၀)နေရာအတွက်**

**ရေးဖြေစာမေးပွဲကျင်းပမည့်နေ့ရက်ထုတ်ပြန်ခြင်း**

၁၃၈၅ ခုနှစ် တော်သလင်းလပြည့်ကျော် ၁၀ ရက်

(၂၀၂၃ ခုနှစ် အောက်တိုဘာလ ၉ ရက်)

၁။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနတွင် လစ်လပ်လျက်ရှိသည့် ဒုတိယဦးစီးမှူး လစာနှုန်း ကျပ်(၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) ရာထူး(၂၅၀)နေရာအတွက် လျှောက်လွှာတင်သွင်းနိုင်ပါကြောင်း ၁၅-၈-၂၀၂၃ ရက်နေ့နှင့် ၂၉-၈-၂၀၂၃ ရက်နေ့ထုတ် မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာများတွင် ထည့်သွင်းကြေညာခဲ့ပြီးဖြစ်ပါသည်။

၂။ ဒုတိယဦးစီးမှူးရာထူး(၂၅၀)နေရာအတွက် အရည်အချင်းစစ်ရေးဖြေစာမေးပွဲအား အောက်ဖော်ပြပါ အစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသည်-

(က) **ရေးဖြေစာမေးပွဲကျင်းပပြုလုပ်မည့် စာစစ်ဌာနများ**

(၁) အမှတ် (၉) အခြေခံပညာအထက်တန်းကျောင်း၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်။

(၂) အမှတ် (၁၁) အခြေခံပညာအထက်တန်းကျောင်း၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်။

( ခ ) **ရေးဖြေစာမေးပွဲကျင်းပပြုလုပ်မည့်နေ့ရက်နှင့်အချိန်**

(၁) မေးခွန်းလွှာ (၁) မြန်မာစာဘာသာရပ်
၂၁-၁၀-၂၀၂၃ ရက် (စနေနေ့)
နံနက် (၀၉:၀၀) နာရီမှ (၁၁:၀၀) နာရီအထိ

မေးခွန်းလွှာ (၂) အင်္ဂလိပ်စာဘာသာရပ်
၂၁-၁၀-၂၀၂၃ ရက် (စနေနေ့)
မွန်းလွဲ (၁၃:၀၀) နာရီမှ (၁၅:၀၀) နာရီအထိ

(၂) မေးခွန်းလွှာ (၃) အထွေထွေဗဟုသုတဘာသာရပ်
၂၂-၁၀-၂၀၂၃ ရက် (တနင်္ဂနွေနေ့)
နံနက် (၀၉:၀၀) နာရီမှ (၁၁:၀၀) နာရီအထိ

၃။ အရည်အချင်းစစ် ရေးဖြေစာမေးပွဲ ဖြေဆိုခွင့်ကတ်ပြားများအား **လျှောက်ထားသူကိုယ်တိုင် နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်း)၊ အိမ်ထောင်စုလူဦးရေစာရင်း(မူရင်း)၊ တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်(မူရင်း) နှင့် ဘွဲ့လက်မှတ်(မူရင်း)**တို့ဖြင့် ၁၈-၁၀-၂၀၂၃ ရက် (ဗုဒ္ဓဟူးနေ့) နှင့် ၁၉-၁၀-၂၀၂၃ ရက်(ကြာသပတေးနေ့) တို့တွင် ရုံးချိန်အတွင်း(**နံနက် ၀၉:၃၀ နာရီမှ ညနေ ၁၆:၃၀ နာရီအထိ**) ပြည်တွင်းအခွန်များဦးစီးဌာန၊ ရုံးအမှတ်(၄၆)၊ နေပြည်တော်၌ လာရောက်ထုတ်ယူရမည်ဖြစ်ပြီး ဖြေဆိုခွင့်ကတ်ပြား ထုတ်ယူထားသူများကိုသာ ဖြေဆိုခွင့်ပြုမည်ဖြစ်ပါသည်။

၄။ အသေးစိတ်သိရှိလိုပါက ပြည်တွင်းအခွန်များဦးစီးဌာန၊ လူ့စွမ်းအားအရင်းအမြစ်စီမံခန့်ခွဲမှုဌာနခွဲ၊ တယ်လီဖုန်းအမှတ် ၀၆၇-၃၄၃၀၀၂၁ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

ပြည်တွင်းအခွန်များဦးစီးဌာန